
# Myanmar Garment Manufacturers Association

NEWSLETTER January 2022, Issue



၂ မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ




၃ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့်ကျန်းမာရေး စီမံခန့်ခွဲမှု အဆင့်မြင့်သင်တန်း

၄ Foursource Premium Account သုံးစွဲနည်းအွန်လိုင်းသင်တန်း

၅ MGMA Staffs’ Organizational Development Workshop





**ခေါင်းစဉ်** **စာမျက်နှာ**

# မာတိကာ

## Activity


မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ............................... ၂
လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အဆင့်မြင့်သင်တန်း .......................... ၃
Foursource Premium Account သုံးစွဲနည်းအွန်လိုင်းသင်တန်းပို့ချ ................................................ ၄
MGMA Staffs’ Organizational Development Workshop ..................................................... ၅


## News


မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် ခရီးသွားများ နှစ်ပတ်အတွင်း ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားပြသရမည် ........................................................................................ ၇
COVID-19 အကြောင်းသိကောင်းစရာ ပိုစတာများ ...................................................................................... ၉


## Upcoming Event

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Income Management Training (Two Days Training) | 12-13 February 2022 | MGHRDC |
| 2. | Industrial Relation Management in factories (Two Days Training) | February 20 and 27, 2022 | MGHRDC |

## Membership Update


New Members in January 2022 .......................................................................... ၁၀
Membership update as of January 2022 ............................................................. ၁၀

## မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



MGMA မှ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ် လုပ်ငန်းရှင်များအသင်း နှင့်အတူ မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် က Thai 47 Restaurant ၌ ပြုလုပ်ခဲ့သည်။ ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းရှင်အသင်းလေးခုဖြစ်သော Myanmar Garment Manufacturers Association (MGMA), KOGAM(Korea), JGMA (Japan) and CTGA (China) တို့မှ ဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးများ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး လက်ရှိဖြစ်ပေါ်နေသော အထည်ချုပ်စက်ရုံများ၏အခြေအနေများကို အတူတကွ ဆွေးနွေးခဲ့ကြသည်။

# လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှု အဆင့်မြင့်သင်တန်းပို့ချ

MGMA နှင့် LIFT Myanmar တို့ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အဆင့်မြင့်သင်တန်း ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် မှ ၂၁ ရက်နေ့ထိ MGHRDC (Myanmar Garment Human Resource Development Center ၌ပြုလုပ်ခဲ့သည်။ MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။



*Trainer from WSH Myanmar Presenting OSH*



*MGMA Secretary General Daw Khine Khine Nwe giving opening speech*

သင်တန်းတွင် ဘေးကင်းရေး၊ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း၊ သင့်လျော်သောထိန်းချုပ်မှုအစီအမံများကို ဆုံးဖြတ်ခြင်းနှင့် OSH မူဝါဒများနှင့် အစီအစဥ်များကိုအကောင်အထည်ဖော်ခြင်းများကို WSH Myanmar မှ သင်တန်းနည်းပြအဖွဲ့က သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ MGMA ဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား ၃၄ ယောက်တက်ရောက်ခဲ့ပြီး အဖွဲ့လိုက်ဆွေးနွေးမှုများနှင့်အတူ အမေးအဖြေကဏ္ဍများကို ပြုလုပ်ခဲ့ကြသည်။ သင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်အမှာစကားကို MGMA ၏အကျိုးဆောင်စာရင်းစစ် ဦးသိန်းဖေဝင်းမှ ပြောကြားခဲ့ပြီး သင်တန်းကို အောင်မြင်စွာပြီးဆုံးခဲ့သည်။



*Awarding Certificate*




*Group Discussion*



*Participants*

## Foursource Premium Account သုံးစွဲနည်း အွန်လိုင်းသင်တန်းပို့ချ




Foursource Premium Account သုံးစွဲနည်းသင်တန်းကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် နှင့် ၁၇ ရက် များတွင် အွန်လိုင်းမှ တဆင့် သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းတွင် AVE Consultant မှ Foursource တွင် Register လုပ်ထားသော အသင်းဝင်စက်ရုံများအား Digital Platform ပေါ်၌ Profile ရေးသားနည်းနှင့် နိုင်ငံတကာ Buyer များနှင့်ချိတ်ဆက်ရန် အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းသင်ကြားပေးခဲ့သည်။ Foursource Premium Account အစီအစဥ်သည် COVID-19 ရောဂါ သက်ရောက်မှုကာလအသင်းဝင်စက်ရုံများလုပ်ငန်းအော်ဒါရှာဖွေမှုအထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ Foreign Trade Association of German Retailers-AVE ပံ့ပိုးမှုဖြင့် MGMA မှဆောင်ရွက်သော Digital Platform အစီအစဥ်တစ်ခုဖြစ်သည်။ သင်တန်း ပထမနေ့တွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ဒုတိယနေ့တွင် မြန်မာဘာသာဖြင့်ဘာသာပြန်ဆို၍သင်ကြားပေးခဲ့သည်။

## MGMA Staffs' Organizational Development Workshop

MGMA Staffs' Organizational Development Workshop ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် နှင့် ၂၉ ရက်များတွင် ချောင်းသာကမ်းခြေရှိ Hill Garden Hotel ၌ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ အဖွင့်အမှာစကားကို MGMA ၏ Managing Director မအေးမိရှိန်မှပြောကြားခဲ့သည်။ ဆွေးနွေးပွဲ တွင် Comprehensive Development Education Centre (CDEC) မှ ဒေါ်ကေသီနှင့် အဖွဲ့ တို့က What is OD? , Situation Analysis (PESTEL), MBTI Personal Type identification Exercise, Different between Team and Organization, Building Unity with diversity, Need and Offers နှင့် SWOT များကို အဖွဲ့လိုက်ဆွေးနွေးမှုများဖြင့် သင်ကြားပို့ချခဲ့သည်။ ထို့အပြင် MGMA မှ Managing Director မအေးမိရှိန်နှင့် Labour Officer ကိုမင်းစိုးဟန်တို့က Organization Strategy များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ MGMA မှ ဝန်ထမ်း ၂၁ ယောက်တက်ရောက်ခဲ့ပြီးအမေးအဖြေကဏ္ဍ များနှင့်အဖွဲ့လိုက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကိုလည်းပြုလုပ်ခဲ့ကြသည်။




*Trainer Daw Kay Thi presenting What is OD?*



*MGMA Staff Group Photo*




*MGMA Managing Director Ma Aye Mi Shein giving opening speech*



*Discussing about organization achievement*



*Group Activities*




*Discussing about organizational strategy*



*Group Work*



*Group Work*

# မြန်မာနိုင်ငံသို့ဝင်ရောက်လာမည့်ခရီးသွားများ နှစ်ပတ်အတွင်း ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားပြသရမည်

အပြည်ပြည်ဆိုင်ရာဝင်/ထွက် ဂိတ်များ နှင့် နယ်စပ်ဝင်/ထွက် ဂိတ်များမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် ခရီးသွားများ အနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော (၁၄) ရက်ကျော်က ကျန်းမာရေးဝန်ကြီးဌာန အသိအမှတ်ပြုသည့် ကိုဗစ်ကာကွယ်ဆေးများအား ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးကြောင်း အထောက်အထားလက်မှတ်ပြသနိုင်ရမည် ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ**
**မြန်မာနိုင်ငံသို့ဝင်ရောက်လာမည့် ခရီးသွားများအတွက် အသွားအလာကန့်သတ်မှုနှင့်**
**ခေတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ် (၂၁-၁-၂၀၂၂)**

**ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူများတွင် ဆောင်ရွက်မည့်အစီအစဉ်**

၁။ မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော(၁၄)ရက်ကျော်က ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် အောက်ပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးကြောင်း ကာကွယ်ဆေးထိုး အထောက်အထားလက်မှတ် ပြသနိုင်ရမည် -

- CoronaVac (Sinovac Biotech Ltd.)
- AstraZeneca or Covishield (AstraZeneca & University of Oxford/ SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc.,& BioNTech)
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)
- Moderna (ModernaTX,Inc.)
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co.Ltd)
- Sputnik V(Gam-COVID-Vac)(Gamaleya National Research Centre of Epidemiology and Microbiology)
- Covaxin by Bharat Biotech

၂။ နိုင်ငံခြားသား ခရီးသည်များအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော(၇၂)နာရီ အတွင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထားသည့် ဓာတ်ခွဲအဖြေအား စတင်ခရီးထွက်ခွာမည့်လေဆိပ်နှင့် ခရီးစဉ်အတွင်းရှိလေကြောင်းလိုင်းများ၊ မြန်မာနိုင်ငံသို့ဝင်ရောက်သည့် လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ပြသရန်၊

ထိုးနှံရမည့်ကာကွယ်ဆေးများမှာ အောက်ပါအတိုင်းဖြစ်သည်။

- **CoronaVac (Sinovac Biotech Ltd.)**
- **AstraZeneca or Covisheild (AstraZeneca & University of Oxford/SK Bioscience (Korea)/Siam BioScience/ Serum Institute of India (SII))**
- **Pfizer-BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc.,& BioNTech)**
- **Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)**
- **Moderna (ModernaTX, Inc.)**
- **Sinopharm or COVILO or BIBP-CorV (Beijing Institute of Biologica Products Co.,Ltd)**
- **Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology)**
- **Covaxin by Bharat Biotech**

ထို့အပြင် နိုင်ငံခြားသားခရီးသည် များအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ ၇၂ နာရီ အတွင်း ကိုဗစ် -၁၉ ကင်းရှင်းကြောင်း **RT-PCR** နည်းဖြင့်စစ်ဆေးထားသော ဓာတ်ခွဲအဖြေအား မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင်ပြသရမည်ဖြစ်သည်။

အထူးအစီအစဥ်အနေဖြင့် မြန်မာနိုင်ငံသို့ အထူးလေကြောင်းခရီးစဥ်များဖြင့် လာရောက်သော အရေးကြီး ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံကိန်းများအတွက်လာရောက်သောပညာရှင်များသည် အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများအား သီးခြားအစီအစဥ်ဖြင့်ဆောင်ရွက်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၊ နိုင်ငံခြားဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ရုံးဖွင့်ရက် (၅) ရက်ကြိုတင်လျှောက်ထားပြီး ခွင့်ပြုချက်တောင်းခံနိုင်ကြောင်းသိရသည်။

ထုတ်ပြန်ချက်အပြည့်အစုံကို ဒီနေရာတွင်ဖတ်ရှုနိုင်ပါသည်။

[https://drive.google.com/file/d/1qoQbqviNIoh-X_aQARaVNKvr6rEf3_6l/view?usp=sharing](https://drive.google.com/file/d/1qoQbqviNIoh-X_aQARaVNKvr6rEf3_6l/view?usp=sharing)

# COVID – 19 အကြောင်းသိကောင်းစရာ ပိုစတာများ









## Upcoming Event

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Income Management Training (Two Days Training) | 12-13 February 2022 | MGHRDC |
| 2. | Industrial Relation Management in factories (Two Days Training) | February 20 and 27, 2022 | MGHRDC |

## Membership Update

### New Members in January 2022

| No. of New Factories in January 2022 | |
|---|---|
| **Country** | **No. of Factories** |
| China | 2 |
| Korea | 1 |
| **Total** | **3** |

### Membership Update as of January 2022

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 74 |
| | China | 264 |
| | Korea | 55 |
| | Japan | 17 |
| | Others | 26 |
| | Joint Venture | 22 |
| | Local, Sub-Con, Marketing, Inspection,Textile | 34 |
| **Total (Active)** | | **492** |
| **Grand Total** | | **752** |